# ဆုံးဖြတ်ချက်ချမှတ်သူများ

မြန်မာနိုင်ငံ အတွက် ကုလသမဂ္ဂ ဌာနေ/လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် ဌာနေ ကိုယ်စားလှယ်မှာ မစ္စ ရီနာတာ လောခ့် ဒီဆယ်လီရန် ဖြစ်ပါသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေ ညွှန်ကြားရေးမှူးမှာ မစ္စတာ ပီတာ ဘက်ချ်လာ ဖြစ်ပါသည်။ လုပ်ငန်းရပ်ဆိုင်ရာ ဒုတိယ ဌာနေကိုယ်စားလှယ်မှာ မစ္စ သွိုင်ဟန်တို ဖြစ်ပါသည်။

အစီအစဉ်မှူးများမှာ ၂၀၁၃-၂၀၁၅ အစီအစဉ်တွင် စုစည်းထားသည့်အတိုင်း သက်ဆိုင်ရာ ကဏ္ဍတစ်ခုစီအတွက် တာဝန်ယူကြရပြီး ဒေသန္တရ အုပ်ချုပ်ရေးအတွက် မစ္စတာ ခရစ်ရှန် ဟိန့်ဇ်၊ ဒီမိုကရေစီနည်းလမ်းကျ အုပ်ချုပ်မှုစနစ် အတွက် မစ္စ အမ်မာ မော်လေ နှင့် သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု ပြောင်းလဲမှု၊ စွမ်းအင်နှင့် ဘေးဒုက္ခရောက်နိုင်ခြေ လျှော့ချခြင်းအတွက် ဒေါ်လတ်လတ်အေး တို့က အသီးသီး တာဝန်ယူကြပါသည်။

ဘဏ္ဍာရေး၊ လူသားရင်းမြစ်၊အိုင်စီတီ၊ဆက်သွယ်ရေးပြန်ကြားရေးနှင့် စောင့်ကြည့်၍ အကဲဖြတ်သုံးသပ်ခြင်း တို့ အပါအဝင် ဌာနအသီးသီးကို အခြားမန်နေဂျာများက တာဝန်ယူ စီမံခန့်ခွဲ ပေးပါသည်။